စက်ာပူနိုင်ငံ

MAHAMUNI BUDDHIST SOCIETY

သင်တန်းသား/သူများအား

ပို့ချသင်ကြားအပ်သော

ရန်ကုန်မြို့ အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်

စစ်တွေမြို့ ရခိုင်ပြည်နယ် ဓမ္မာစရိယတက္ကသိုလ်

လှည်းကူးမြို့ ဓမ္မာစရိယဥယျာဉ်ကျောင်းတိုက် နာယကချုပ်ဆရာတော်

# ဘဒ္ဒန္တသုစိတ္တာဘိဝံသ

၏

# ဓမ္မနီတိသင်တန်း

(၂၄. ၂၅၊ ၆၊ ၂၀၁၇ မှ ၁. ၂၊ ၇၊ ၂၀၁၇ ထိ)

## ဆုတောင်းပတ္ထနာ

**ဣမိနာ ပုညကမ္မေန၊ သီဃံ ပပ္ပေါမိ နိဗ္ဗုတိံ။**
**အန္တရာ ဇာတိဇာတီသု၊ ဘဝေ အဓိကပညဝါ။**

**ဣမိနာ ပုညကမ္မေန** = ဓမ္မခင်မင်၊ သူတော်စင်တို့၊ ဖြူစင် ကောင်းကျိုး၊ ပွားတိုးစေရန်၊
ဆန္ဒမွန်ဖြင့်၊ လွန်စွာကြိုးကုတ်၊အားထုတ်ပါရ၊ ဤကောင်းမှုကံ
စေတနာကြောင့်။

**နိဗ္ဗုတိံ** = ရာဂ, ဒေါသ၊ မောဟထိန်ညီး၊ ဆယ်တစ်သီးသောမီးတို့၏၊
ငြိမ်းအေးရာမှန်၊ ပြည်နိဗ္ဗာန်ကို။

**သီဃံ** = အလျင်အမြန်၊ မနှေးကန်ဘဲ။

**ပပ္ပေါမိ** = မချွတ်မသွေ၊ ရောက်ရပါလို၏။

**အန္တရာ** = နိဗ္ဗာန်မရမှီ၊ အလီလီများ၊ သံသရာခရီးအကြား၌။

**ဇာတိဇာတီသု** = ဖြစ်တိုင်းဖြစ်တိုင်းသောဘဝတို့၌

**အဓိကပညဝါ** = လောက+သာသနာ၊ နှစ်ဖြာ ကောင်းကျိုး၊ သယ်ပိုးနိုင်ရန်၊
ထေရ်မွန်ဥက္ကာ၌၊ ပုဂ္ဂိုလ်မြတ်သည်။

**ဘဝေ-ဘဝါမိ** = မုချမသွေ ဖြစ်ရပါလို၏။

**“သူတော်ကောင်းစာတင် တရားမြတ် လှမ်းပတ်ကမ္ဘာ တည်စေသော်ဝ်”**



2.7.2017

**ဘဒ္ဒန္တသုစိတ္တာဘိဝံသ**
(နာယကချုပ်ဆရာတော်)
အလိုတော်ပြည့် ဓမ္မာစရိယတက္ကသိုလ်၊ ရန်ကုန်။
၆၁-ရပ်ကွက်၊ စစ်တောင်းလမ်း၊ ဒဂုံ(ဆိပ်ကမ်း)မြို့နယ်။
ရန်ကုန်တိုင်းဒေသကြီး။
ဖုန်း - ၀၉. ၅၀၅၁၁၉၄, ၀၉၇၉၈၀၂၉၈၃၀

A

# သုတ္တန္တဓမ္မနီတိ

E F

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ**

**ပရာဘဝသုတ်**နိဒါန်း (ကောက်နုတ်ချက်မှတ်တမ်း)

- ✔ ဟောကြားသည့်ပုဂ္ဂိုလ် = မြတ်စွာဘုရား
- ✔ တရားဟောရန်လျှောက်ထားသူ = သိကြားမင်းတိုက်တွန်းအပ်သောနတ်သားတစ်ဦး
- ✔ ဟောကြားရာဌာန = ကောသလတိုင်း၊ သာဝတ္ထိပြည်၊ ဇေတဝန်ကျောင်း
- ✔ တရားနာပရိသတ် = စကြဝဠာတိုက်တစ်သောင်းမှ နတ်, ဗြဟ္မာများ
- ✔ ဟောကြားသည့်နေ့ = မင်္ဂလသုတ္တန်ဟောကြားပြီးသည့်နောက်တစ်နေ့
- ✔ ဟောကြားသည့်အချိန် = ညဉ့်သန်းခေါင်ယံ

နိဒါန်းပြီး၏။

### နတ်သားလျှောက်ထားသော ပထမဂါထာ

၁။ ပရာဘဝန္တံ ပုရိသံ၊ မယံ ပုစ္ဆာမ ဂေါတမံ။
ဘဝန္တံ ပုဋ္ဌု မာဂမ္မ၊ ကိံ ပရာဘဝတော မုခံ။

### ဆောင်ပုဒ်လင်္ကာ

ဘုန်းတော်ရောင်ရှိန်။ ။ ထွန်းထိန်ကြည်လင်၊ ဘုရားရှင်၊ အကြင်လောက၊ လူ့ဘဝ၌၊ မနရွှေငွေ၊ ကျက်သရေနှင့်၊ ဂုဏ်နေမမြင့်၊ မတင့်တယ်တောင်း၊ ပျက်စီးကြောင်းကို၊ နတ်ပေါင်းပြဟ္မာ၊ ရှင်ထံသာသို့၊ ရောက်လာဝန်းအုံ၊ လျှောက်ပါတုံ၏၊ လုံးစုံးများကျယ်၊ ပျက်စီးဖွယ်ကား၊ အဘယ်တရား၊ ဘယ်သို့အားဖြင့်၊ ထင်ရှားမိန့်တော်မူပါဘုရား။

### မြတ်စွာဘုရားဟောကြားတော်မူသော ပျက်စီးကြောင်း ဒုတိယဂါထာ

၂။ သုဝိဇာနော ဘဝံ ဟောတိ၊ ဒုဝိဇာနော ပရာဘဝေါ။
ဓမ္မကာမော ဘဝံ ဟောတိ၊ ဓမ္မဒေဿီ ပရာဘဝေါ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ဉာဏ်ဓာတ်ရှိ၍ သိလွယ် တတ်လွယ် လိမ္မာလွယ်သော သူသည် ကြီးပွား၏။ ဉာဏ်ဓာတ်မရှိဘဲ အသိဉာဏ်နှေး၍ အလိမ္မာသေးသော သူသည် မကြီးပွားနိုင်၊ ပျက်စီးတတ်၏။ ဖြောင့်မှန်သောတရားကို လိုလားသောသူသည် ကြီးပွား၏။ တရားမှန်းကို မုန်းသောသူသည် ပျက်စီး၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ဉာဏ်ဓာတ်ရှိ၍ တတ်သိလွယ်ငြား ဂုဏ်သိမ်အားဖြင့်၊ ကြီးပွားဧကန်၊ မချွတ်မှန်၏။
သိဉာဏ်နည်းပါး၊ ထူထိုင်းငြားမူ၊ ကြီးပွားမစည်၊ ပျက်စီးမည်တည်း။
အရှည်မြော်မြင်၊ တရားခင်က၊ စည်ပင်ကြီးပွား၊ ဂုဏ်မြင့်မား၏။
တရားမလိုက်၊ အမှားကြိုက်မူ၊ တိမ်တိုက်လေလွင့်၊ ပျောက်တိမ်လင့်သို့၊ တဖျင့်တပါး၊ ပျက်စီးငြားသည်၊ နတ်သား မှတ်လောအကျဉ်းတည်း။

နတ်သားထပ်မံလျှောက်ထားသော တတိယဂါထာ

၃။ ဣတိဟေတံ ဝိဇာနာမ၊ ပဌမော သော ပရာဘဝေါ။
ဒုတိယံ ဘဂဝါ ဗြူဟိ၊ ကိံ ပရာဘဝတော မုခံ။

ဆောင်ပုဒ်လင်္ကာ

ရှေးဦးလက်မွန်၊ ပြည့်ဆွန်ပေတောင်း၊ ပျက်စီးကြောင်းကို၊ အပေါင်းများစွာ၊ သိကုန်ပါပြီ၊ ဂါထာနှုတ်နက်၊ နှစ်ဆင့်တက်၍၊ မိန့်မြွက်စေရန်၊ ခွင့်တောင်းပန်သည်၊ ရွှေဉာဏ်တော် ဖွင့်တော်မူပါ ဘုရား။

မြတ်စွာဘုရားဟောကြားတော်မူသော ပျက်စီးကြောင်းစတုတ္ထဂါထာ

၄။ အသန္တဿ ပိယော ဟောတိ၊ သန္တေ န ကုရုတေ ပိယံ။
အသတံ ဓမ္မံ ရောစေတိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။

၁။ သူယုတ်သူမိုက်ကို ချစ်လေ့ရှိ၏။
၂။ ပညာရှိသူတော်ကောင်းကို မချစ်ခင်။
၃။ သူယုတ်သူမိုက်တို့၏ တရားစကားကို နှစ်သက်၏။

ဤသဘောသုံးမျိုးတို့သည် ပျက်စီးကြောင်းဖြစ်၏ဟု ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

မသူတော်အား၊ ချစ်ခင်ပွား၍၊ တရားသိမြင်၊ သူတော်စင်ကို၊ မခင်စွန့်ခွါ၊ သူယုတ်မာ၏၊ နည်းနာပြသ၊ ညွှန်သမျှကို၊ လုံးဝလိုလား၊ ဤသုံးပါးသည်၊ ကြီးပွားပျက်ကြောင်း လမ်းပင်တည်း။

ပျက်စီးကြောင်း ပဉ္စမဂါထာ

၅။ နိဒ္ဒါသီလီ သဘာသီလီ၊ အနုဋ္ဌာတာ စ ယော နရော။
အလသော ကောဓပညာဏော၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။
၁။ အအိပ်စုံမက်ခြင်း။
၂။ ပွဲလမ်းသဘောင်လိုက်စားခြင်း။
၃။ ထကြွလုံ့လမရှိခြင်း။
၄။ ပျင်းရိထိုင်းမှိုင်းခြင်း။
၅။ အမျက်တံခွန်ထောင်ခြင်း။
ဤငါးပါးတို့သည် ပျက်စီးကြောင်းဖြစ်၏ဟု ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

အိပ်မှုချစ်ခင်၊ သဘင်လိုက်စား၊ ပေ့ါပါးထကြွ၊ လုံ့လမရှိ၊ ပျင်းရိကဲလွန်၊ တံခွန်အမျက်၊ ဤငါးချက်သည်၊ ပျက်ရန်အကြောင်းမှန်၏တည်း။

ပျက်စီးကြောင်း ဆဋ္ဌမဂါထာ

၆။ ယော မာတရံ ပိတရံ ဝါ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟုသန္တော န ဘရတိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ အရွယ်လွန်၍ အိုမင်းပြီးသော မိ,ဘကို ကျွေးမွေးနိုင်သော အစွမ်းရှိပါလျက် မပြုစု မကျွေးမွေးလျှင် ပျက်စီးကြောင်းဖြစ်၏ဟု ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

ရွယ်လွန်ချို့ယွင်း၊ အိုမင်းကုန်ကြ၊ မိနှင့်ဘကို၊ ခယလုပ်ကျွေး၊ သိမ်မွေ့ခြင်းငှာ၊ စွမ်းနိုင်ပါလျက်၊ ရှောင်ခွါပယ်ဖြတ်၊ မမြတ်မလေး၊ လုပ်ကျွေးသမှု၊ မပြုစုက၊ ယခုလက်ငင်း၊ ကဲ့ရဲ့ခြင်းနှင့်၊ သေမင်းဆောင်လစ်၊ ဘဝသစ်၌၊ ဖြစ်တုံသောအခါ၊ တေဇာဂုဏ်အင်၊ မပေါ်ထင်ပဲ၊ ပျော်ရွှင်သုခ၊ မရလုံးလုံး၊ အညွန့်တုံးသည်၊ ဆုံးရှုံးပျက်ရန် အကြောင်းတည်း။

### ပျက်စီးကြောင်း သတ္တမဂါထာ

၇။ ယော ဗြာဟ္မဏံ သမဏံ ဝါ၊ အညံ ဝါပိ ဝဏိဗ္ဗကံ။
မုသာဝါဒေန ဝဉ္စေတိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ရဟန္တာပုဂ္ဂိုလ်၊ ရဟန်းတော်အရှင်မြတ်များနှင့် ဘုန်းတောင်းယာစကာတို့အား မဟုတ်မမှန်သော ပြောကြား၍ လိမ်လည်ခြင်းသည် ပျက်စီးကြောင်းဖြစ်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ဗြာဟ္မဏဟု၊ မည်ရထင်စွာ၊ ရဟန္တာတည့်၊ သကျာနွယ်ဇာတ်၊ ရဟန်းမြတ်နှင့်၊ ဘုန်းလာဘ်မှီစား၊ တောင်းသူများကို၊ မုသားနှုတ်ဖွင့်၊ လိမ်လည်လင့်က၊ ဂုဏ်နှင့်စီးပွား၊ မကြီးမားသည်၊ ပျက်ပြား ဆုတ်ရန် အကြောင်းတည်း။

### ပျက်စီးကြောင်း အဋ္ဌမဂါထာ

၈။ ပဟုတဝိတ္တော ပုရိသော၊ သဟိရညော သဘောဇနော။
ဧကော ဘုဉ္ဇတိ သာဒူနိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ပစ္စည်းဘဏ္ဍာ, ချိုချဉ်ရသာ ပေါများပါလျက် သူတစ်ပါးတို့ကို သတိမရ မဝေငှဘဲ တစ်ကိုယ်တည်း စားသောက်ခြင်းသည် ပျက်စီးခြင်း၏ အကြောင်းဖြစ်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ရွှေငွေဘဏ္ဍာ၊ ပြည့်စုံစွာနှင့်၊ ရသာချိုချဉ်၊ ဘောဇဉ်ထွေပြား၊ ပေါများလောက်လုံ၊ ဖြစ်ပါတုံလည်း၊ ဝေပုံမျှမ်းမျှ၊ မကမ်းငှဘဲ၊ ဝမ်းဝနံကား၊ ကိုယ်တည်းစားက၊ အများမျက်စောင်း၊ ထိုးကြရှောင်းသည်၊ ပျက်ကြောင်းလမ်းမှန် တစ်မျိုးတည်း။

### ပျက်စီးကြောင်း နဝမဂါထာ

၉။ ဇာတိထဒ္ဓေါ ဓနထဒ္ဓေါ၊ ဂေါတ္တထဒ္ဓေါ စ ယော နရော။
သဉာတိံ အတိမညေတိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ အမျိုးမာန် အနွယ်မာန်ဖြင့် ခက်ထန်ခြင်း၊ ပစ္စည်းမာန်ဖြင့် ခက်ထန်ခြင်း၊ ဤသို့မာန်တက်ခြင်း, ခက်ထန်ခြင်းဖြင့် မိမိအမျိုးကိုပင် မထီမဲ့မြင် ပြုလုပ်လျှင် ပျက်စီးခြင်းအကြောင်းဖြစ်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

မျိုး, နွယ်, ဥစ္စာ၊ သုံးဖြာခက်ထန်၊ တက်သောမာန်ဖြင့်၊ ထက်သန်ပလွှား၊ ငါတကားဟု၊ တက်ကြွားလွှမ်းမိုး၊ ကိုယ့်အမျိုးကို၊ နှိမ်ချိုးလေချင်၊ ထင်မြင်သေးမှု ညံ့အောင်ပြုက၊ ဖြီးထုဂုဏ်နေ၊ ကျက်သရေနွမ်းညှိုး၊ မဖွံ့ဖြိုးသည်၊ တန်ခိုးဂုဏ်သိမ်ပျက်ကြောင်းတည်း။

### ပျက်စီးကြောင်း ဒသမဂါထာ

၁၀။ ဣတ္ထိဓုတ္တော သုရာဓုတ္တော၊ အက္ခဓုတ္တော စ ယော နရော။
လဒ္ဓံ လဒ္ဓံ ဝိနာသေတိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ မိန်းမလိုက်စားခြင်း၊ ယစ်မျိုးသောက်စားခြင်း၊ ကစားကြူးလွန်ခြင်းများသည် ရရသမျှသော ဥစ္စာပစ္စည်းတို့ကို ပြုန်းတီးစေတတ်သောကြောင့် ပျက်စီးကြောင်းဖြစ်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

မိန်းမပျော်ပိုက်၊ ယစ်မျိုးကြိုက်နှင့်၊ လေလိုက်သော့သွမ်း၊ လောင်းတမ်းကစား၊ ကြူးလွန်ငြားက၊ စီးပွားမတင်၊ ရလျှင်ယိုယွင်း၊ ပျောက်ကုန်လျှင်းသည်၊ ထင်လင်းမျက်မြင် ပျက်ကြောင်းတည်း။

### ပျက်စီးကြောင်း ကောဒသမဂါထာ

၁၁။ သေဟိ ဒါရေဟိ သန္တုဋ္ဌော၊ ဝေသိယာသု ပဒုဿတိ။
ဒုဿတိ ပရဒါရေသု၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ကိုယ့်မယားစည်းစိမ်ဖြင့် တင်းတိမ်ခြင်းမရှိဘဲ ပြည့်တန်ဆာမများနှင့် သူတစ်ပါးတို့၏ မယား၌ လိုက်စားလွန်ကျူးခြင်းသည် ပျက်စီးကြောင်း ဖြစ်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ကိုယ်ပိုင်ဖြစ်ပြီး၊ ချစ်ဇနီး၌၊ ငြီးငြီးငွေ့ငွေ့၊ စိတ်မတွေ့ဘဲ၊ မမွေ့စည်းစိမ်၊ တင်းမတိမ်၍၊ သူ့အိမ်ပိုင်နက်၊ သူ့ချစ်ဘက်ကို၊ လုယက်သွားလာ၊ ပြည့်တန်ဆာ၌၊ တဏှာမြူးထူး၊ ပျော်ပါးကြူးက၊ ဆည်းပူးပြည့်နှက်၊ ဥစ္စာပျက်၍၊ မတက်လျော့ကျ၊ ဆုတ်သောလသို့၊ လာဘပျက်ပျောက်၊ ဂုဏ်မရောက်သည်၊ ညှိုးခြောက်ပျက်ရန် အကြောင်းတည်း။

### ပျက်စီးကြောင်း ဒွါဒသမဂါထာ

၄။ အတီတယောဗ္ဗနော ပေါသော၊ အာနေတိ တိမ္ဗရုတ္ထနိံ၊
တဿ ဣဿာ န သုပတိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ အရွယ်လွန်ပြီးသော အဘိုးကြီးသည် မမျှသက်ရွယ်ငယ်သော အပျို ကလေးနှင့် ထိမ်းမြားလေရာ မိန်းမငယ်၌ အရွယ်မတူသည့်အတွက် ကြောင့် စိတ်မချနိုင်ဘဲ တစိုးရိမ်ရိမ် တကြောင့်ကြကြနှင့် ငြူစူခြင်း, ပူပန်ခြင်း ပွားများသဖြင့် အိပ်မပျော် စားမမြိန်နှင့် အချိန်တွေကို ကုန်လွန်စေရ၏။ ထိုသို့အရွယ်မှ အပျိုကလေးနှင့် ထိမ်းမြားခြင်း သည် ပျက်စီးခြင်းအကြောင်းဖြစ်သည်ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ရွယ်လွန်လေပြီး၊ အသက်ကြီးလျက်၊ တည်သီးရင်စို့၊ သားငုံမို့သား၊ အပျိုရွယ်သစ်၊ ငယ်နုမြစ်ကို၊ ကြင်ချစ်ဆောင်ယူ၊ ထိမ်းမြားမူကား၊ ငြူစူကြောင့်ကြ၊ စိတ်မချနှင့်၊ အိပ်ကမပျော်၊ စားသော်မမြိန်၊ အချိန်ဆုံးပါး၊ ပူပန်များသည်၊ ပျက်ပြားဖို့ရန် အကြောင်းတည်း။

### ပျက်စီးကြောင်း တေရသမဂါထာ

၁၃။ ဣတ္ထိံ သောဏ္ဍိံ ဝိကိရဏိံ၊ ပုရိသံ ဝါပိ တာဒိသံ။
ဣဿရိယသ္မိံ ထပေတိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ သောက်စား ပျော်ပါးကြူး၍ ပိုက်ထုပ်သိမ်းဆည်းခြင်းမရှိ ဖရိုဖရဲဖြန့်ကြဲတတ်သော မိန်းမကိုသော်လည်းကောင်း၊ ယောကျ်ားကိုသော်လည်းကောင်း အိမ်၌ဖြစ်စေ၊ တစ်စုံတစ်ခုသော အလုပ်အကိုင်၌ဖြစ်စေ၊ အသင်းအပင်း၌ဖြစ်စေ၊ အကြီးအကဲ ဥက္ကဋ္ဌခေါင်းဆောင်အဖြစ် ခန့်ထားလျှင် ပျက်စီးခြင်းအကြောင်း ဖြစ်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

စားကြူး သောက်ကြူး၊ ပျော်ပါးကြူးနှင့်၊ မူးတူးမေ့တေ့၊ ဓလေ့ကြော့ကြမ်း သရမ်းမူကျင့်၊ တဖျင့်တပါး၊ စကားပြောဆို၊ ဖရိုဖရဲ ဖြန့်ကြဲဥစ္စာ၊ ထင်ရာပြုတမ်း၊ မိန်းမသွမ်းနှင့်၊ စည်းကမ်းမဲ့ပြား၊ စိတ်လိုက်သွားသည်၊ ယောကျ်ားကိုလျှင်၊ ကြီးမှူးတင်က၊ ဂုဏ်အင်စီးပွား၊ မကြီးမားဘဲ၊ ပျက်ပြားလျော့ကွေ၊ ဆုတ်ယုတ်လေသည်၊ ပုံသေပျက်ရန်အကြောင်းတည်း။

### ပျက်စီးကြောင်း စုဒ္ဒသမဂါထာ

၁၄။ အပ္ပဘောဂေါ မဟာတဏှော၊ ခတ္တိယေ ဇာယတေ ကုလေ။
သော စ ရဇ္ဇံ ပတ္ထယတိ၊ တံ ပရာဘဝတော မုခံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ဥစ္စာစည်းစိမ်မရှိဘဲလျက် အလိုကြီးခြင်း၊ ဥစ္စာစည်းစိမ် ဂုဏ်သိမ်တန်ခိုးမရှိပဲလျက် မင်းအဖြစ်ကို တောင့်တခြင်းများသည် ပျက်စီးခြင်းအကြောင်း ဖြစ်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

စည်းစိမ်ဥစ္စာ၊ ကင်းမဲ့ပါလျက်၊ တဏှာမြှောက်ပင့်၊ အလိုမြင့်၍၊ ကိုယ်နှင့်မတန်၊ မင်းဖြစ်ရန်ကို၊ စိတ်သန်တောင့်တ၊ ကြံစည်ကလျှင်၊ ဘဝမျက်မှောက်၊ ဘေးဒဏ်ရောက်၍၊ ညှိုးခြောက်ပျက်ရန်အကြောင်းတည်း။

### နိဂုံးချုပ် ပန္နရသမဂါထာ

၁၅။ ဧတေ ပရာဘဝေ လောကေ၊ ပဏ္ဍိတော သမဝေက္ခိယ။
အရိယော ဒဿနသမ္ပန္နော၊ သလောကံ ဘဇတေ သိဝံ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ဤပျက်စီးကြောင်းတရားတို့ကို မြော်မြင်ဆင်ခြင်နိုင်သော ပညာရှိသည် ပျက်စီးကြောင်းတို့နှင့် မယှဉ်ဘဲ ဉာဏ်အမြင်နှင့် ပြည့်စုံစွာ ချမ်းသာစွာဖြင့် မြင့်မြတ်သော သုဂတိဘုံဘဝသို့ ကပ်ရောက်နိုင်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ဤသို့ မိန့်ဟော၊ ပရာဘောဟု၊ ပျက်သောတရား၊ အကြောင်းများကို၊ ထင်ရှားသိမြင်၊ ပညာရှင်ကား၊ အကြင်ပျက်ကြောင်း၊ တရားပေါင်းမှ၊ ကောင်းကောင်းစွန့်ခွာ၊ ကြီးပွားရာကို၊ လိုက်နာသဖြင့်၊ လမ်းမှန်ကျင့်၍၊ မြင့်မြတ်တတ်မြောက်၊ မျက်မှောက်ချမ်းသာ၊ နတ်ရွာသုဂတိ၊ ကပ်လေဘိသည်၊ မုနိမိန့်ဘော် ရွှေခွန်းတော်တည်း။

---

ပရာဘဝသုတ်ပြီး၏။

E

# ဝသလသုတ်

နိဒါန်း

ဘုန်းတော်ခြောက်ဆူ ဆောင်းတော်မူလျက် အောင်သူတကာတို့၏ ထွဋ်မှူး နိဗ္ဗာန်မျိုးဖြစ်တော်မူသော ရှင်တော်မြတ်ဘုရားသည် သာဝတ္ထိပြည်မွန် နောက်တောင်စွန်ဝယ် ဇေတဝန်ရွှေကျောင်း၌ ကိန်းအောင်မွေ့လျော် စမ္ပာယ်တော်မူစဉ်အခါ ***အဂ္ဂိကဘာရဒွါဇမည်သော ပုဏ္ဏားကြီး၏ သရဏဂုံတည်၍ သီလဆောက်တည်မည့်အကြောင်းကို*** မြင်တော်မူသောကြောင့် ကိုယ်တော်တစ်ပါးတည်း အိမ်စဉ်လှည့်ကာ ဆွမ်းခံကြွတော်မူ၏။ ထိုအခါ အဂ္ဂိကဘာရဒွါဇပုဏ္ဏားကြီးသည် မိမိအိမ်ဝင်းအတွင်း တံခါးဝအနီး၌ မီးပူဇော်လေ့ရှိသော ပုဏ္ဏားတို့၏ အယူဝါဒအတိုင်း ထောပတ်, ဆီဦးစသော ပူဇော်ဖွယ်ဝတ္ထုတို့ဖြင့် ကြီးကျယ်ခမ်းနားစွာ မီးပူဇော်၍ နေခိုက်ဖြစ်လေ၏။

မြတ်စွာဘုရားသည် အိမ်စဉ်အတိုင်း ဆွမ်းခံလှည့်လည်တော်မူ၍ အဂ္ဂိကဘာဂဒွါဇပုဏ္ဏား၏ မီးပူဇော်ရာဌာနသို့ ဆိုက်ရောက်တော်မူလေလျှင် ပုဏ္ဏားကြီးမြင်လေရာ အလွန်အမျက်ထွက်သော အမူအရာဖြင့် - "မုဏ္ဍက - ခေါင်းတုံးကြီး၊ သမဏက - ရဟန်းယုတ်ကြီး၊ ဝသလ - အယုတ်တမာကြီး၊ ဤဆီမီးပူဇော်ရာဌာနသို့ မချဉ်းကပ်လာနှင့်၊ အရပ်တစ်ပါးသို့ လျှင့်စွာ ထွက်သွားလော့"ဟု ယုတ်မာကြမ်းတမ်းသော စကားလုံးကို အသုံးပြု၍ ကြမ်းဝါးမောင်းနှင်လေ၏။

ဤအရာ၌ သုံးဆယ့်နှစ်ပါးသော လက္ခဏာတို့ဖြင့် လွန်စွာတင့်တယ်လှသော မြတ်စွာဘုရားကို မြင်ရာပုဏ္ဏားကြီးသည် အဘယ်ကြောင့်ကြည်ညိုခြင်း သဒ္ဓါတရားမဖြစ်နိုင်ဘဲ ရှိလေသတည်း။ ကြမ်းတမ်းယုတ်မာသောစကားတို့ဖြင့် အဘယ်ကြောင့် ကြမ်းမောင်း လေသနည်းဟု မေးဖွယ်ရှိ၏။ ပြဟ္မဏဇာတ်ရှိသော ပုဏ္ဏားတို့၏ အယူ၌ ခေါင်းတုံး(ဦးပြည်း)ဖြစ်သော ရဟန်းတို့သည် ယုတ်မာသော ကာလကဏ္ဏီများဖြစ်ကြ၏။ မီးပူဇော်ရာဌာန၊ မင်္ဂလာပြုရာဌာနတို့၌ ခေါင်းတုံးရဟန်းများ ဝင်ရောက်ချဉ်းကပ်လာလျှင် မင်္ဂလာမရှိဘဲ မင်္ဂလာပွဲပျက်၏ဟု အယူရှိကြ၏။ ပုဏ္ဏားတို့သည် ဇာတိမာန်ဖြင့် အလွန်ခက်ထန်ကြသဖြင့် ကမ္ဘာလောကပေါ်တွင် ငါတို့သာလျှင် အမြတ်ဆုံးဖြစ်သည်ဟု ထင်မြင်ကြလေသည်။ ထို့ကြောင့် အဂ္ဂိကဘာရဒွါရပုဏ္ဏားကြီးသည် မီးပူဇော်ရာဌာနသို့ ကြွရောက်ချဉ်းကပ်လာသော မြတ်စွာဘုရားကို ကြည်ညိုခြင်းမဖြစ်နိုင်ပဲ မောင်းမဲကြိမ်ဝါးလေသတည်း။

ဤသို့ကြိမ်းဝါးမောင်းမဲလေသောအခါ ဘုန်းတော်ကြီးသော မြတ်စွာဘုရားသည် မည်သို့မျှ တုန်လှုပ်ခြင်းမရှိပဲ ကြည်လင်ရွှင်လန်းလပြည့်ဝန်းနှင့်တူသော မျက်နှာတော်ဖြင့် ပုဏ္ဏားကြီး အပေါ်တွင် သနားငဲ့ညှာတော်မူသော စိတ်ကိုထား၍ သာယာသောအသံတော်ဖြင့် မြွက်ဖော်ကာ -

"အို . . . ပုဏ္ဏား၊ သင်သည် ငါ့အား ဝသလဟူသော စကားဖြင့် သူယုတ်ကြီးဟု ဆိုဘိ၏၊ သင်ပုဏ္ဏားသည် ယုတ်မာသော ဝသလတရားကို သိပါ၏လော"ဟု မေးမြန်းတော်မူလေသည်။

ထိုအခါ ပုဏ္ဏားကြီးသည် မြတ်စွာဘုရား၏ ကြည်လင်သော ရွှေမျက်နှာ၊ သာယာသော စကားသံများကို ကြားသဖြင့် "ဤပုဂ္ဂိုလ်မှာ မျက်မာန်ဒေါသမရှိပါတကား"ဟု တွေးတောဆင်ခြင် ကာ ကြည်လင်အေးမြ၍ မာန်မာမာနကင်းသောစိတ်ဖြစ်ပေါ်လာလေ၏။ ထို့နောက် ငါသည်ကား အမျိုးအားဖြင့် ယုတ်သောသူတို့ကို "ဝသလ"ဟု ခေါ်ဆိုယုံကြည်၏။ စင်စစ်အားဖြင့် တရား အလိုနှင့်တွေးဆလိုက်သော အမျိုးယုတ်သော သူတိုင်းလည်း "ဝသလ"မည်ထိုက်သည် မဟုတ်ပေ။ အမျိုးယုတ်ညံ့ခြင်းသည်လည်း သူယုတ်မာကို ဖြစ်စေတတ်သည်မဟုတ်၊ ဤရဟန်းမေးမြန်းသည်မှာ လွန်စွာ အချက်ပိုင်လှပေ၏ဟု တွေးဆဆင်ခြင်ပြီးလျှင် "အို . . ရှင်ဂေါတမ၊ ယုတ်မာကြောင်း ဝသလဓမ္မများကို တပည့်တော် မသိပါဘုရား"ဟု နူးညွတ်ပျော့ပျောင်းစွာ ဝန်ခံလေသည်။

## ပါရမီရှေးဟောင်းအကြောင်းခံရှိသူနှင့် မရှိသူ

ပါရမီရှေးဟောင်း အကြောင်းအင်္ဂါစုံလင်၍ လာသောပုဂ္ဂိုလ်တို့သည် အခွင့်ကို မရသဖြင့် ခက်ထန်ကြမ်းကြုတ်၍ နေသော်လည်း အခွင့်ကို ရသောအခါ အလွယ်တကူနူးညံ့စွာ ဖြစ်မြဲ ဓမ္မတာပေတည်း။

ပါရမီရှေးဟောင်းအကြောင်းခံမရှိသောသူတို့သည်ကား မည်သို့ပင် အခွင့်ရရ နူးညံ့သိမ်မွေ့ ခြင်းဖြစ်နိုင်မည်မဟုတ်ချေ။ မြေစေးခဲသည် မိုးယံနှင့်တွေ့သောအခါ ပျော့ပျောင်းစွာ ဖြစ်၏။ ကျောက်စရစ်ခဲသည် မိုးယံပေါင်းအကြိမ်တရာရွာသော်လည်း နူးညံ့မည်မဟုတ်သကဲ့သို့တည်း။

ဤသို့ ပုဏ္ဏားကြီးက မသိကြောင်း ဝန်ခံလေသောအခါ မြတ်စွာဘုရားက "ထိုသို့ မသိခဲ့ပါလျှင် ဟောကြားတော်မူအံ့၊ ကောင်းစွာ နားထောင်လော့၊ ကောင်းစွာနှလုံးသွင်းလော့"ဟု မိန့်တော်မူရာ ပုဏ္ဏားကြီးလည်း ကောင်းမွန်ရိုသေစွာ နားထောင်လေသည်တွင် မြတ်စွာဘုရားသည် ဆိုလတ့်သော ဝသလတရားတို့ကို ဟောကြားတော်မူလေသတည်း။

နိဒါန်းပြီး၏။

### သူယုတ်မာဟု သိမှတ်ဖွယ် ပထမဂါထာ

၁။ ကောဓနော ဥပနာဟီ စ၊ ပါပမက္ခီ စ ယော နရော။
ဝိပန္နဒိဋ္ဌိ မာယာဝီ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ အကြင်သူသည် လျှင်မြန်စွာ အမျက်ထွက်လေ့ရှိ၏။ အမျက်ကို မဖျောက်ဘဲ ရန်ငြိုးဖွဲ့၍ ထားတတ်၏။ ယုတ်မာသော သဘောဖြင့် ကျေးဇူးကို ချေဖျက်တတ်၏။ အယူမှန်ကိုဖျောက်၍ အယူမှားနောက်သို့ လိုက်တတ်၏။ မိမိအပြစ်ကို ဖုံးလွှမ်း၍ လိမ်ညာဏ်, ကောက်ညာဏ်သုံးတတ်၏။ ထိုကဲ့သို့ သဘောရှိသူများကို သူယုတ်မာကြီးဟု သိမှတ်လေဟု ဆိုသည်။

#### ဆောင်ပုဒ်လင်္ကာ

အမျက်လွှမ်းမိုး၊ ရန်ငြိုးသိုဖွဲ့၊ ကျေးဇူးမဲ့နှင့်၊ တိမ်းငဲ့ယွင်းပါး၊ အယူမှားလျက်၊ ဖောက်ပြား လိမ်လည်၊ ဤငါးမည်ကား လူ့ပြည့်တစ်ခွင်၊ ဥဒါန်းတွင်သည်၊ သိမြင်မှတ်လေ သူယုတ်တည်း။

### သူယုတ်မာဟု သိမှတ်ဖွယ် ဒုတိယဂါထာ

၂။ ဧကဇံ ဝါ ဒွိဇံ ဝါပိ၊ ယော’ဓ ပါဏံ ဝိဟိံသတိ။
ယဿ ပါဏေ ဒယာ နတ္ထိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ သတ္တဝါတို့ကို သတ်ဖြတ်ညှဉ်းဆဲလေ့ရှိသောသူ၊ သတ္တဝါအများ၌ သနားကြင်နာခြင်း ကင်းသောသူတို့သည် သူယုတ်မာမည်ကုန်၏ဟု ဆိုလိုသည်။

#### ဆောင်ပုဒ်လင်္ကာ

ဧကဇနှင့်၊ ဒွိဇသညာ၊ သတ္တဝါကို၊ ညှာတာမထောက်ထား၊ သတ်ဖြတ်ငြားလျက်၊ သနားကင်းကွာ၊ ဤနှစ်ဖြာသည်၊ မှန်စွာမှတ်လေ၊ သူယုတ်တည်း။

### သူယုတ်မာဟု သိမှတ်ဖွယ် တတိယဂါထာ

၃။ ယော ဟန္တိ ဥပရုန္ဓတိ၊ ဂါမာနိ နိဂမာနိ စ။
နိဂ္ဂါဟကော သမညာတော၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ မြို့, ရွာ, နိဂုံးတို့ကို အတင်းဝင်၍သတ်ဖြတ်တိုက်ခိုက်သော သူ၊ တပ်ဖြင့် ဝန်းဝိုင်း၍ တိုက်ခိုက်လုယူသောသူ လူဆိုးကြီး, သူခိုးကြီး, ဓားမြကြီး ဟူ၍ ထင်ရှားကျော်ဇောသော သူတို့သည် သူယုတ်မာကြီးမည်ကုန်၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

နိဂုံး, မြို့, ရွာ၊ ဝင်ရောက်ခါနှင့်၊ သေနာစစ်သည်၊ ပတ်လည်ဝန်းဝိုက်၊ တိုက်ခိုက်လေပြီး၊ လူဆိုးကြီးဟု၊ ဝေးနီးသတင်း၊ ကျော်ဇောခြင်းဖြင့်၊ ထင်လင်းသမုတ်၊ လွန်စက်ဆုပ်သည်၊ သူယုတ် သူမိုက် သူဆိုးတည်း။

### သူယုတ်မာဟု သိမှတ်ဖွယ် စတုတ္ထဂါထာ

၄။ ဂါမေ ဝါ ယဒိ ဝါ ရညေ၊ ယံ ပရေသံ မမာယိတံ။
ထေယျာ အဒိန္နံ အာဒေတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ မြို့, ရွာ, နိဂုံးတို့၌ဖြစ်စေ၊ တောထဲမှာ ဖြစ်စေ၊ သူတစ်ပါးတို့ သိမ်းပိုက်အပ်သော ပစ္စည်းဘဏ္ဍာတို့ကို ခိုးလိုသောစိတ်ဖြင့် ဆောင်ယူသော သူကို သူယုတ်မာကြီးဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

မြို့, ရွာ, တောတွင်း၊ စောင့်ရှောက်ခြင်းနှင့်၊ မကင်းသိမ်းဆည်း၊ သူ့ပစ္စည်းကို၊ ခိုးနည်းအပြား၊ နှစ်ဆယ့်ငါးတွင်၊ တစ်ပါးပါးဖြင့်၊ ခိုးယူလင့်က၊ မူကျင့်ပျက်စီး၊ သူခိုးကြီးသည်၊ ဝေးနီးခေါ်တွင် သူယုတ်တည်း။

**သူယုတ်မာဟု သိမှတ်ဖွယ် ပဉ္စမဂါထာ**

၅။ ယော ဟဝေ ဣဏမာဒါယ၊ ဝုစ္စမာနော ပလာယတိ။
န ဟိ တေ ဣဏမတ္ထီတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ကြွေးကို ချေးယူပြီးလျှင် ကြွေးရှင်က တောင်းသောအခါ ကြွေးမရှိဟု ငြင်းဆို၍ ကွယ်ဝှက်၍ ထွက်ပြေးတိမ်းရှောင်၏။ ထိုကဲ့သို့သောမျိုးစားကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

ကြွေးမြီချေးငှား၊ ယူစားပြီးလျှင်၊ ကြွေးရှင်ရလို၊ ငွေတောင်းဆိုက၊ ဝှက်သွယ်ကွယ်ထောင့်၊ မဖြောင့်အတင်း၊ ဖွတ်ငြင်းငြင်း၍၊ ရှောင်ကွင်းပြေးသွား၊ ထိုမြီစားသည်၊ ငနွား လူမိုက် လူယုတ်တည်း။

**သူယုတ်မာဟု သိမှတ်ဖွယ် ဆဋ္ဌမဂါထာ**

၆။ ယောဝေ ကိဉ္စိက္ခကမျတာ၊ ပထသ္မိံ ဝဇတံ ဇနံ။
ဟန္တွာ ကိဉ္စိက္ခ မာဒေတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ မည်ရွေ့မည်မျှမဆို ရသမျှပစ္စည်းကို အလိုရှိသောကြောင့် ခရီးသွားများကို တိုက်ခိုက်သတ်ဖြတ်၍ ပါသမျှကို လုယူ၏။ ထိုတောပုန်းခားပြကို သူယုတ်မာကြီးဟု မှတ်ရာ၏ဟု ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

ရသမျှပင်၊ လိုချင်မက်မော၊ လောဘဇောကြောင့်၊ တောပုန်းခိုအောင်၊ လမ်းကချောင်း၍၊ ရကြောင်းကြံစည်၊ ခရီးသည်ကို၊ ကွေ့လည်ကြောင်ပတ်၊ အသေသတ်လျက်၊ ရတတ်သရွေ့၊ လုယူလေ့သား၊ တောကွေ့ပုန်းလျှိုး၊ ဤသူမျိုးသည် ညစ်ဆိုးသူယုတ် သူမိုက်တည်း။

### သူယုတ်မာဟု သိမှတ်ဖွယ် သတ္တမဂါထာ

၇။ ယော အတ္တဟေ့ ပရဟေတု၊ ဓနဟေတု စ ယော နရော။
သက္ခိပုဋ္ဌော မုသာ ဗြူတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ယုံကြည်အားထားသဖြင့် သက်သေတင်၍ စစ်ကြောမေးမြန်သော အခါ မိမိအကျိုး, မိမိနှင့်စပ်သောသူတို့၏ အကျိုး, ဥစ္စာစည်းစိမ် ဂုဏ်သိမ်အတွက်နှင့် ငဲ့ကွက်သော စိတ်ထားမျိုးဖြင့် မတော်မတရား မုသားထွက်ဆိုလျှင် ထိုမုသား သက်သေကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

အရေးကြုံလျှင်၊ သက်သေတင်၍၊ အကြင်သူအား၊ မေးမြန်းငြားသော်၊ ထောက်ထားငဲ့ကွက်၊ ကိုယ့်အတွက်နှင့်၊ ကိုယ့်ဘက်-ကိုယ့်လူ၊ ထိုသူ ဥစ္စာ၊ ယိမ်းငဲ့ကာဖြင့်၊ မိစ္ဆာသဘော၊ မုသားပြောက၊ မနောမဖြူ ထိုသသူသည်၊ လူတွင် လူယုတ် လူမိုက်တည်း။

### သူယုတ်မာဟု သိမှတ်ဖွယ် အဋ္ဌမဂါထာ

၈။ ယော ဉာတီနံ သခီနံ ဝါ၊ ဒါရေသု ပဋိဒိဿတိ။
သဟသာ သမ္ပိယေန ဝါ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ဆွေမျိုးသားချင်းတို့၏ မယား, မိတ်ဆွေတို့၏ မယားတို့၌ အတင်း ဗလက္ကာရဖြစ်စေ၊ အတူချစ်ကြိုက်၍ဖြစ်စေ ကျူးလွန်၍ ကျင့်လျှင် သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ဇာတ်သွေးနီးရင်း၊ ကိုယ့်သားချင်းနှင့်၊ ပေါင်းသင်းမိတ်ဆွေ၊ ချစ်သက်ဝေကို၊ ရစေအတင်း၊ ပြုကျင့်ခြင်းနှင့်၊ ချင်းချင်းနှစ်ခြိုက်၊ တူစုံကြိုက်၍၊ လိုလိုက်ရမက်၊ လွန်ကျူးဖျက်က၊ ကြောက်, ရှက်မဲ့ငြား၊ လူ့ငနွားသည်၊ မှတ်သား ထိုသူ လူယုတ်တည်း။

### သူယုတ်မာဟု သိမှတ်ဖွယ် နဝမဂါထာ

၉။ ယော မာတရံ ပိတရံ ဝါ၊ ဇိဏ္ဏကံ ဂတယောဗ္ဗနံ။
ပဟုသန္တော န ဘရတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ပရာဘဝသုတ် ပါပြီး။

### သူယုတ်မာဟု သိမှတ်ဖွယ် ဒသမဂါထာ

၁၀။ ယော မာတရံ ပိတရံ ဝါ၊ ဘာတရံ ဘဂိနိံ သသုံ။
ဟန္တိ ရောသေတိ ဝါစာယ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ မိခင်, ဖခင်, အစ်ကို, ညီ, အစ်မ, နှမ, ယောက္ခမတို့ကို ကိုယ်ဖြင့် ပုတ်ခတ်ညှဉ်းဆဲ၏။ နှုတ်ဖြင့် ဆဲရေးချုပ်ချယ်၏။ ထိုသူကို သူယုတ်မာကြီးဟု မှတ်ရမည်ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

မိဘနှစ်လီ၊ နောင်, ညီ, အစ်မ၊ ယောက္ခမကို၊ ဆဲဆိုထောင်းထု၊ ရိုက်ပုတ်ပြုက၊ အမှုယုတ်ညမ်း၊ အကျင့်သွမ်းသည်၊ ဟော့ရမ်းယုတ်မာ မိုက်သွေးတည်း။

သူယုတ်မာဟု သိမှတ်ဖွယ် ကောဒသမဂါထာ

၁၁။ ယော အတ္တံ ပုဋ္ဌိတော သန္တော၊ အနတ္တ အနုသာသတိ။
ပဋိစ္ဆန္နေန မန္တေတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ လောကီစီးပွားရေးနှင့်ဖြစ်စေ၊ သံသရာစီးပွားရေးနှင့်ဖြစ်စေ ကောင်းကျိုးချမ်းသာကိုလည်းကောင်း, လမ်းမှန်ကိုလည်းကောင်း သိမြင်လိုသောကြောင့် ချဉ်းကပ်၍ မေးမြန်းသောအခါ ကောင်းကျိုးချမ်းသာဖြစ်စေတတ်သော နည်းကောင်းလမ်းမှန်ကို မပြောပဲ အကျိုးဆုတ်ယုတ်စေတတ်သော နည်းလမ်းနိဿယတို့ကို ညွှန်ပြပြောဆို၏။ လမ်းကောင်းနည်းမှန်ကို ပြောပင်ပြောပါငြားသော်လည်း အနက်အဓိပ္ပါယ်ဖုံးကွယ်သိခက်သော စကားမျိုးတို့ဖြင့် ပြောကြား၏။ အလွန်ခက်ခဲသော နည်းလမ်းနိဿယ, မပြုလုပ် မကြံဖန်နိုင်သော နည်းလည်း နိဿယတို့ကို ညွှန်ပြ၏။ ထိုကဲ့သို့ ကောက်ကျစ်စဉ်းလဲစွာနှင့် နည်းကောင်းလမ်းမှန်ကို မပြ အကျိုးယုတ်စေတတ်သော နည်းနိဿယနှင့် လမ်းလွဲညွှန်ပြသောသူကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

ခုရေးနောင်ကို၊ အကျိုလို၍၊ ထိုထိုနည်းလမ်း၊ မေးစုံစမ်းသော်၊ စိတ်ဝမ်းမဖြောင့်၊ ကွယ်ထောင့်ဝှက်သို၊ မှန်မဆိုဘဲ၊ ဝန်တိုသဖြင့်၊ လမ်းမှားကျင့်အောင်၊ မသင့်မလျော်၊ ညွှန်ပြသော်မူ၊ သူတော်သဘော၊ စရိုက်လျှောသည်၊ မိုက်သောသူယုတ် ဆိုသတည်း။

သူယုတ်မာဟု သိမှတ်ဖွယ် ဒွါဒသမဂါထာ

၁၂။ ယော ကတွာ ပါပကံ ကမ္မံ၊ မာမံ ဇညာတိ ဣစ္ဆတိ။
ယော ပဋိစ္ဆန္နကမ္မန္တော၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ မကောင်းမှုအယုတ်မာကို ပြုပြီးလျှင် သူများမသိအောင် ဖုံးလွှမ်း၍ သူတော်ကောင်းယောင် ဟန်ဆောင်၍ နေသောသူကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

ယုတ်မာမှုကို၊ ပြုလေတုံငြား၊ ဖုံးဝှက်ထား၍၊ အများတို့ဘောင်၊ သူတောင်ယောင်ဖြင့်၊ ဟန်ဆောင်လည့်ပတ်၊ လိမ်လည်တတ်က၊ သူမြတ်သဘော၊ ဂုဏ်ရည်လျှောသည်၊ မိုက်သောမှန်၏ သူယုတ်တည်း။

သူယုတ်မာဟု သိမှတ်ဖွယ် တေရသမဂါထာ

၁၃။ ယော ဝေ ပရကုလံ ဂန္တွာ၊ ဘုတွာန သုစိဘောဇနံ။
အာဂတံ နပ္ပဋိပူဇေတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ သူတစ်ပါးအိမ်သို့သွားရောက်သောအခါ ကောင်းစွာကျွေးမွေးအပ်သော ဘောဇဉ်တို့ကို ဝမ်းဝဗိုက်ကား အလိုရှိတိုင်းစားပြီးလျှင် မိမိအိမ်သို့ ဆိုက်ရောက်လာသောသူကိုမူကား ပြုစုကျွေးမွေးခြင်းမပြု မျက်နှာထားနှင့် စိမ်းကား၍နေ၏။ ထိုသူကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

သူ့အိမ်သွားရောက်၊ စားသောက်ဘောဇဉ်၊ ချိုချဉ်မြိန်ရှက်၊ သုံးဘူးလျက်လည်း၊ နှစ်သက်ခင်မင်၊ ထွက်ဝင်ဝမ်းမြောက်၊ ကိုယ့်အိမ်ရောက်သော်၊ ချီးမြှောက်မြတ်လေး၊ ကျွေးမွေးမပြု ဂရုမထား၊ လွန်စိမ်းကားလျှင်၊ မိုက်မှား ယုတ်မာသူသွမ်းတည်း။

သူယုတ်မာဟု သိမှတ်ဖွယ် စုဒ္ဒသမဂါထာ

၁၄။ ယော သမဏံ ဝါ ဗြာဟ္မဏံ၊ အညံ ဝါပိ ဝဏိဗ္ဗကံ။
မုသာဝါဒေန ဝဥ္စေတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ပရာဘဝသုတ်ပါပြီး။

သူယုတ်မာဟု သိမှတ်ဖွယ် ပန္နရသမဂါထာ

၁၅။ ယော သမဏံ ဝါ ဗြာဟ္မဏံ၊ ဘတ္တကာလေ ဥပဋ္ဌိတံ။
ရောသေတိ ဝါ န စ ဒေတိ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ စားချိန်သောက်ချိန်အခါ၌ ချဉ်းကပ်၍ ရပ်တည်လာသော ရဟန်း အစရှိသည့် အလှူခံများကို ကြမ်းတမ်းသောစကားဖြင့် ချုပ်ချယ် စောင်းမြောင်း၍ မောင်းမဲကြိမ်းဝါသည်ဖြစ်အံ့၊ လှူမည်ဝေးစွ မျက်နှာကိုမျှ မပေးဘဲ ကျောခိုင်း၍ နေသည်ဖြစ်အံ့၊ ထိုသူကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

စားချိန်ခေတ်တွင်၊ ရပ်လာဝင်သား၊ အကြင်ရဟန်း၊ လျှဒါန်းခံစား၊ ပုဂ္ဂိုလ်များကို၊ စကား ကြမ်းကြုတ်၊ ဆိုးသည့်နှုတ်ဖြင့်၊ နှင်ထုတ်မောင်းမဲ၊ ဆိုဆဲကြမ်းမောင်း၊ စောင်းမြောင်းငြူစူ၊ လျှမည် ကားဝေး၊ ကျောပေးနောက်ခိုင်း၊ ရိုင်းစိုင်းသဖြင့်၊ မလျော်ကျင့်လျှင်၊ မှတ်လင့်ယုတ်မာ သူမိုက်တည်း။

သူယုတ်မာဟု သိမှတ်ဖွယ် သောဠသမဂါထာ

၁၆။ အသန္တံ ယောဓ ပဗြူတိ၊ မောဟေန ပလိဂုဏ္ဌိတော။
ကိဥ္စနံ နိဇိဂီသာနော၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ အကြင်သူသည် မောဟမှောင်ကြီးမိသဖြင့် တစ်စုံတစ်ခုသော ပစ္စည်း ဝတ္ထုကိုသော်လည်းကောင်း၊ ချစ်ခင်နှစ်သက်သော မိန်းမကို သော်လည်းကောင်း သွေးဆောင်ရယူလိုသောကြောင့် မိမိ၌ မရှိသောဂုဏ်ကျေးဇူးတို့ကို ချီးကျူး၍ သော်လည်း ပြော၏။ မဖြစ်စဖူး ထူးဆန်းအံ့ဩဖွယ်သော အကြောင်းများကို အယုံသွင်း၍ ပြော၏။ ထိုသူကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

ဆောင်ပုဒ်လင်္ကာ

တစ်စုံတစ်ခု၊ ရလိုမှုကြောင့်၊ စက္ခုဝဥ္စန၊ မျက်လှည့်ပြသို့၊ မောဟမှိုင်းဝေ၊ မဟုတ်လေလည်း၊ ယုံစေသဘော၊ ဘွဲ့ဆောင်ပြော၍၊ အံ့ဩဖွယ်ပင်၊ အကယ်ထင်အောင်၊ ချဲ့ထွင်ခင်းကျင်း၊ အယုံသွင်း၍၊ လက်တွင်းပါအောင်၊ ဖြားယောင်းဆောင်သည်၊ မိုက်ခေါင်သူယုတ် မိုက်ဗိုလ်တည်း။

သူယုတ်မာဟု သိမှတ်ဖွယ် သတ္တရသမဂါထာ

၁၇။ ယော စတ္တာနံ သမုက္ကံသေ၊ ပရေ စ မဝဇာနာတိ။
နိဟီနော သေနေ မာနေန၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ မိမိကိုယ်ကို မြှင့်မြှောက်၍ သူတစ်ပါးတို့ကို နှိမ့်ချသောသူသည် မိမိ၏ မာနကြောင့်ပင်လျှင် မိမိနိမ့်ကျခြင်းသို့ ရောက်လေ၏။ ထိုသူကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

သူတစ်ပါးကို၊ ချထားကိုယ့်အောက်၊ ပင့်မြှောက်ကိုယ့်ကို၊ ထောင်လွှားဆိုလျက်၊ ထိုသူလျှောကျ၊ နိမ့်တတ်စွသည်၊ မာနလက်ကိုင် သူယုတ်တည်း။

**သူယုတ်မာဟု သိမှတ်ဖွယ် အဋ္ဌာရသမဂါထာ**

၁၈။ ရောသကော ကဒရီယော စ၊ ပါပိစ္ဆော မစ္ဆရီ သဌော။
အဟိရီကော အနောတ္တပ္ပီ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ အကြင်သူသည် ကျယ်ဝင့်စော်ကားတတ်၏။ ဒါနကို ပိတ်ပင်တတ်၏။ အလိုကြီး၏။ ဝန်တို၏။ စဉ်းလဲကောက်ကျစ်၏။ ယုတ်မာမှုကို မရှက်တတ်၊ မကြောက်တတ်၊ ထိုသူကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

ချုပ်ချယ်ရမ်းကား၊ လှူအားပိတ်ပင်၊ လိုအင်ပိုမို၊ ဝန်တိုတုံလျက်၊ စဉ်းလဲဘက်၍၊ ကြောက်ရှက်မဲ့တုံ၊ ပြစ်မျိုးစုံသည်၊ လူဘုံမိုက်ခေါင် သူယုတ်တည်း။

**သူယုတ်မာဟု သိမှတ်ဖွယ် ဧကူနဝီသတိမဂါထာ**

၁၉။ ယော ဗုဒ္ဓံ ပရိဘာသတိ၊ အထ ဝါ တဿ သာဝကံ။
ပရိဗ္ဗဇံ ဂဟဋ္ဌံ ဝါ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ သဗ္ဗညုဘုရားရှင်ကို ဆဲရေးသောသူ, ဘုရားရှင်၏ တပည့်သာဝက ဖြစ်သော ရဟန်းတို့ကို ဆဲရေးသောသူ, သာသနာတော်ကြီးမှ အပ ဖြစ်သော ရသေ့, ပရိဗိုဇ်တို့ကို ဆဲရေးသောသူ, အိမ်ရာထောင်သော လူသီလဝန္တတို့ကို ဆဲရေးသော သူ ဤသူများကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

**ဆောင်ပုဒ်လင်္ကာ**

ရှင်တော်ဘုရား၊ တပည့်များနှင့်၊ တခြားကိုရွေ့၊ ရသေ့ ပုရိဗိုဇ်၊ တသိုက်လူမွန်၊ သီလဝန်ကို၊ နှုတ်လွန်စော်ကား၊ ဆဲရေးငြားက၊ မှတ်သားထိုသူ၊ မိုက်လံထူသည်၊ လူတွင် လူယုတ် လူလွန်တည်း။

### သူယုတ်မာဟု သိမှတ်ဖွယ် ဝိသတိမဂါထာ

၂၀။ ယော အနရဟံ သန္တော၊ အရဟာတိ ပဋိဇာနာတိ။
စောရော သဗြဟ္မကေ လောကေ၊ တံ ဇညာ ဝသလော ဣတိ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ အကြင်သူသည် ကိလေသာကုန်ခန်းသော ရဟန္တာမဟုတ်ပါပဲလျက် ရဟန္တာဟူ၍ ဝန်ခံ၏။ ထိုသူသည် နတ်ပြည်, ဗြဟ္မာပြည်နှင့်တကွ သုံးဆယ့်တစ်ဘုံသော လောကၾ ခိုးသူကြီးမည်၏။ ထိုသူကို သူယုတ်မာကြီးဟု သိမှတ်ရာ၏ဟု ဆိုလိုသည်။

### ဆောင်ပုဒ်လင်္ကာ

ကိလေသာမြူ မစင်ဖြူဘဲ၊ အလှူခံထိုက်၊ အမြိုက်လက်ရှိ မြင်သိသစ္စာ၊ ရဟန္တာဟု၊ ထင်စွာ မြွက်ကြွား၊ ဝန်ခံငြားက၊ သုံးပါးလောက၊ ဆိုးသွမ်းလှသား၊ စောရဗိုလ်မင်း၊ မိုက်ခေါင်ချင်းသည်၊ တုကင်းသူယုတ် ထွန်စွန်းတည်း။

### ဝသလ, ဗြာဟ္မဏမည်ထိုက်ကြောင်း ဧကဝီသတိမ, ဒွါဝီသတိမဂါထာ

၂၁။ ဧတေ ခေါ ဝသလာ ဝုတ္တာ၊ မယာ ယေ တေ ပကာသိတာ။
န ဇစ္စာ ဝသလော ဟောတိ၊ န ဇစ္စာ ဟောတိ ဗြာဟ္မဏော။

၂၂။ ကမ္မုနာ ဝသလော ဟောတိ၊ ကမ္မုနာ ဟောတိ ဗြာဟ္မဏော။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ငါဘုရားဟောကြားတော်မူအပ်ပြီးသော အယုတ်တရားတို့ကိုသာလျှင် ဝသလဟူ၍ မှတ်လေ။ အမျိုးဇာတ်အားဖြင့် မြတ်သည်ဟူ၍ မမှတ်လင့်။ မိမိပြုအပ်သော အယုတ်တမာမှုကြောင့် သူယုတ်ဖြစ်ရ၏။ မိမိပြုအပ်သော မြင့်မြတ်မှုကြောင့် သူမြတ်ဖြစ်ရ၏ဟု ဆိုလိုသည်။

ဝသလ, ဗြာဟ္မဏမည်ထိုက်ကြောင်း တေဝီသတိမဂါထာ

၂၃။ တဒမိနာပိ ဇာနာထ၊ ယထာေဟတံ နိဒဿနံ။
စဏ္ဍာလပုတ္တော သောပါကော၊ မာတင်္ဂေါ ဣတိ ဝိဿုတော။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ဒီမှာ ဟောကြားထားတဲ့အတိုင်း သူယုတ်, သူမြတ်ခွဲခြားသိကြပါ။
ရှေးအခါက ခွေးသားချက်စားသော မာတင်္ဂမည်သော ဒွန်းစဏ္ဍား
သားက ဤနေရာမှာ ထင်ရှားသောသက်သေဖြစ်ပါတယ်။

ဝသလ, ဗြာဟ္မဏမည်ထိုက်ကြောင်း စတုဝီသတိမဂါထာ

၂၄။ သော ယသံ ပရမံ ပတ္တော၊ မာတင်္ဂေါယံ သုဒုလ္လဘံ။
အာဂစ္ဆုံ တဿုပဋ္ဌာနံ၊ ခတ္တိယာ ဗြာဟ္မဏာ ဗဟူ။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ထိုမာတင်္ဂဒွန်းစဏ္ဍားဟာ မြင့်မြတ်သော အလွန်ရနိုင်ခဲ့သော အရံအခြံ
အကျော်အဇောသို့ ရောက်ဖူးခဲ့ပါတယ်။ မင်းမျိုး, ပုဏ္ဏားမျိုးတို့သည်
ထိုမာတင်္ဂအား ရှိခိုးဆည်းကပ်ခြင်းသို့ ရောက်ခဲ့ပါတယ်။

ဝသလ, ဗြာဟ္မဏမည်ထိုက်ကြောင်း ပဉ္စဝီသတိမဂါထာ

၂၅။ သော ဒေဝယာနံ အဘိရုယှ၊ ဝိရဇံ သော မဟာပထံ။
ကာမရာဂံ ဝိရာဇေတွာ၊ ဗြဟ္မလောကူပဂေါ အဟု။

ဆိုလိုရင်းအဓိပ္ပါယ် ။ ။ ထိုမာတင်္ဂသည် ဈာန်ယာဉ်ရထားကို တက်စီး၍ ကာမဂုဏ်အညစ်
အကြေးကင်းသော သူတော်ကောင်းလမ်းကို သွားကာ တဏှာရာဂ
ကိုပယ်၍ ဗြာဟ္မာဘုံသို့တက်သွားလေပြီ။

ဝသလသုတ်ပြီး၏